ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

(၂၃)ရက်မြောက်နေ့**မှတ်တမ်း**

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

[အင်္ဂါနေ့]

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိမိတို့ရဲ့ လက်ကိုင်ဖုန်းများ ပိတ်ထားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၁။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အချိန်၊ ၁၀း၀၂။

ဥက္ကဋ္ဌ။ ။ အားလုံး မဂ််လာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၂။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၇.၈၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၃။

ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ၂၇-၂-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ မျက်စိခွဲစိတ်ကုသမှုခံယူရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပအိုဝ်းအမျိုးသားနေ့ပွဲတော် တက်ရောက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား တက်ရောက်ရန်။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏ်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ကျန်းမာရေးနှင့် လူမှုကဏ္ဍဆိုင်ရာအစည်းအဝေး တက်ရောက်ရန်။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးအစည်းအဝေး တက်ရောက်ရန်။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၂)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ညြဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(၈)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

အချိန်၊ ၁၀း၀၈။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ကယားပြည်နယ်၊ ပြည်နယ်တရားလွှတ်တော် (High Court) ရုံးကို လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲ၍ အသစ်ထပ်မံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၀၈။

ဥက္ကဋ္ဌ။　　။ ယခု ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်ကျော်စိုး က ကယားပြည်နယ်၊ ပြည်နယ်တရားလွှတ်တော် (High Court)ရုံးကို လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲ၍ အသစ်ထပ်မံ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၉။

ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။　　။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံက ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသို့ ဦးတည်လျှောက်လှမ်းနေသည့်အတွက် ခက်မသုံးဖြောဖြစ်တဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍ သုံးရပ်သည် ဟန်ချက်ညီညီ အပြန်အလှန်ထိန်းကျောင်းမှုဖြင့် ကျွန်တော်တို့ မျှော်မှန်းနေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆီကို ရောက်ရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကယားပြည်နယ်ဟာ တရားစီရင်ရေးမဏ္ဍိုင်ရဲ့ အဓိကဒေါက်တိုင်ဖြစ်တဲ့ ပြည်နယ်တရားလွှတ်တော် (High Court)ရုံးသည် ၂၀၀၀-၂၀၀၁ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ကျပ်(၁၇၅)သိန်းနဲ့ အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ဒါ ဒီအဆောက်အဦကတော့ (၂)ထပ်ဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပြည်နယ်ရုံးကိုတော့ အပေါ်ထပ်အဖြစ် အသုံးပြုပြီးမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လွှဲပြောင်းခရိုင်ရုံးကို အောက်ထပ်အဖြစ် အသုံးပြုခဲ့ပါတယ်။ စတင်တည်ဆောက်ကတည်းက ပြည်နယ်နဲ့ ခရိုင်ရုံးများအဖြစ် ပူးတွဲအသုံးပြုခဲ့တာ ဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးလာတဲ့အတွက် ဤရုံးအား ကယားပြည်နယ်ရဲ့ တရားလွှတ်တော် (High Court)ရုံးအဖြစ် ဆက်လက်အသုံးပြုလျက်ရှိပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ အခုလက်ရှိ ကျွန်တော်တို့သုံးနေတဲ့ ပြည်နယ် (High Court)ရုံးပါ။ ဒါ (High Court)ရုံးပါ။ ဒါကတော့ အခုလက်ရှိ (High Court)ရုံးရဲ့ သူတို့ရဲ့ဒီဇိုင်းပါ။ နဂိုက ရှိတာတော့(၁၈)ပေပတ်လည်အခန်းတွေ ဖြစ်ပါတယ်။ အဲဒီ(၁၈)ပေပတ်လည် အခန်းတွေကို အလယ်ခေါင်မှာ မျှဉ်းကြောင်းလေးတွေနဲ့ တားလိုက်တဲ့အခါကျတော့ (၉)ပေ၊ (၁၈)ပေ အခန်းလေးတွေ ဖြစ်သွားပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကယားပြည်နယ် တရားလွှတ်တော်ခွင်ရှိတဲ့ (၁၈)ပေ၊ (၃၅)ပေ အကျယ်ရှိတဲ့နေရာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ တရားလွှတ်တော်ခွင် ဖြစ်ပါတယ်။ ဒါက တရားစီရင်ရေးဌာနရဲ့ ရုံးဝန်ထမ်းတွေရဲ့အခန်းဖြစ်ပါတယ်။ (၉)ပေ၊ (၁၈)ပေပါ။

ဒါ စီမံရေးရာဌာန (၉)ပေ၊ (၁၈)ပေပါ။ ငွေစာရင်း/ထောက်ပံ့ရေးဌာန၊ ပြည်နယ်တရားရေးဦးစီးဌာနအခန်း (၁၈)ပေ၊ (၁၈)ပေပါ။ ဒါကတော့ လက်ထောက်ညွှန်ကြားရေးမှူးအခန်း (၉)ပေ ပတ်လည် အခန်းလေးပါ။ ဒါက မိလ္လာဘေးနားက အခန်းလေး(၁)ခုရှိပါတယ်။ ဒါကတော့ ရုံးအဖွဲ့မှူး

အခန်းဖြစ်ပါတယ်။ ရုံးအုပ်အခန်း ဖြစ်ပါတယ်။ ဒါက ခုနလက်ရှိ တရားလွှတ်တော်ရုံး တရားစီရင်ရေး နေရာဌာနကို မီဒီယာအခန်းအဖြစ်လည်း အသုံးပြုတဲ့နေရာလည်း ဖြစ်ပါတယ်။ တရားခွင်(၂)ခု လုပ်ထားပေမယ့် အခန်းရဲ့လိုအပ်ချက်အရ အခုလက်ရှိ အောက်ထပ်မှာရှိတဲ့နေရာကို ဦးစီးရုံးနဲ့ တရားလွှတ်တော်ရဲ့ နားနေခန်းလေးအဖြစ် လုပ်ထားတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point မှာ မြင်ရသလိုပဲ။ ကျွန်တော်တို့ ကယားပြည်နယ် တရားလွှတ်တော် (High Court) ရုံး၊ ရုံးခန်းများဟာ အလွန်ကျဉ်းမြောင်းခြင်း၊ လုပ်ငန်းသဘောသဘာဝအရ စဉ်းစားဆင်ခြင်သုံးသပ်ရတဲ့လုပ်ငန်းဖြစ်ခြင်း၊ တရားလွှတ်တော် ဝန်ထမ်းများအနေဖြင့် အခန်းကျဉ်းကလေးများထဲမှာ ကျဉ်းကျဉ်းကြပ်ကြပ် တာဝန်များထမ်းဆောင်နေရခြင်း စိတ်ပျော်ရွှင်မှုလုပ်ငန်းခွင် မဖြစ်တဲ့အတွက် တရားလို၊ တရားခံ နှစ်ဖက်ရှေ့နေများ၊ သက်သေများနားနေခန်းမရှိခြင်း၊ မိုးတွင်းကာလမှာဆို ပိုဆိုးပါတယ်။ ပြည်နယ်တစ်ပြည်နယ်လုံးရဲ့ သက်သေခံပစ္စည်းများကိုထားရန် လုံခြုံစိတ်ချရတဲ့ ဘီလစ်တိုက် မရှိခြင်း၊ တစ်ပြည်နယ်လုံး၏ အမှုတွဲများထားရန် အမှုတွဲထိန်းသိမ်းတဲ့ အခန်းများလုံလောက်မှုမရှိခြင်း၊ တရားခံများကို ခေတ္တချုပ်နှောင်တဲ့ အချုပ်ခန်းများမရှိခြင်း၊ ကယားပြည်နယ် ပြည်နယ်တရားလွှတ်တော် (High Court)ရုံးအား ခေတ်နဲ့လျော်ညီ၍ ပြည်နယ်တရားသူကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်ဝန်ထမ်းများ စိတ်၏ကျဉ်းကြပ်ခြင်း ဝေးကွာသော စိတ်ကျေနပ်စေသည့်လုပ်ငန်းခွင်ဖြစ်သည့် ကျယ်ကျယ်ပြန့်ပြန့်ရှိသော ရုံးခန်းများပါဝင်သည့် ပြည်နယ်တရားလွှတ်တော် (High Court) ရုံးအား လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲ၍ အသစ်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁) အပိုဒ်(၈)၏ အပိုဒ်ခွဲငယ်(ပ)အရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ကယားပြည်နယ် တရားလွှတ်တော်ရုံးရှိ တရားခွင်ပြုပုံ၊ မီဒီယာအခန်းအတွက်လည်း အသုံးပြုသည့် (၁၈ x ၃၅) ပေအကျယ် အခန်းပြုပုံ(ထထ)

တရားစီရင်ရေးဌာန (၉ x ၁၈)ပေအခန်း မြင်ကွင်းပုံ (ထထ-၁)

လက်ထောက်ညွှန်ကြားရေးမှူးအခန်း (၉ x ၉)ပေ၏ မြင်ကွင်းပုံ (ထထ-၂)



အချိန်၊ ၁၀း၁၂။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၃။

ဖြေကြားချက်

ဦးမြင့်အောင် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။ ကယားပြည်နယ် တရားလွှတ်တော်အဆောက်အဦဟာ လွိုင်ကော်မြို့၊ သမိန်ထောလမ်းနဲ့ လွိုင်ကော်-ရှားတောလမ်းထောင့်၊ မင်းစုရပ်ကွက်မှာတည်ရှိပြီး (၁၀၄ x ၃၈ x ၂၉)ပေ (၂)ထပ် RC ၊ သွပ်မိုး၊ အင်္ဂတေခင်း ဌာနပိုင်အဆောက်အဦ ဖြစ်ပါတယ်။ ၆-၁-၂၀၀၀ ပြည့်နေ့က စတင်ဆောက်လုပ်ခဲ့ပြီး ၃၀-၄-၂၀၀၁ နေ့မှာ ပြီးစီးခဲ့ပါတယ်။ အပေါ်ထပ်မှာ ကယားပြည်နယ် တရားလွှတ်တော်၊ အောက်ထပ်မှာ ကယားပြည်နယ် တရားရေးဦးစီးမှူးရုံးတို့ကို ဖွင့်လှစ်အသုံးပြုလျက်ရှိပါတယ်။

၂၀၁၁ ခုနှစ်မှာ ကယားပြည်နယ်တရားလွှတ်တော် အဆောက်အဦကို စစ်အင်ဂျင်နီယာတပ်မှ မွမ်းမံပြင်ဆင်ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ၀၄း၀၂ ခေါင်းစဉ်အောက်မှာ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၅၀)ဖြင့် ကယားပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမနဲ့ အရာရှိရုံးခန်းများ တိုးချဲ့အဆောက်အဦ တစ်ထပ် RC(၁)လုံးကို ၁၆-၁၀-၂၀၁၄ ရက်နေ့မှာ စတင်ဆောက်လုပ်ခဲ့ပြီး ၂၈-၁-၂၀၁၅ ရက်နေ့မှာ ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အလျား(၄၀)ပေ၊ အနံ(၂၅)ပေ၊ အမြင့်(၁၂)ပေရှိတဲ့ လွိုင်ကော်ခရိုင်နှင့် မြို့နယ်အချုပ်ခန်းကို ၀၄း၀၂ သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်က ခွင့်ပြုငွေ ကျပ်(၂၁)သန်းနဲ့ ဆောက်လုပ်ပြီးစီးအသုံးပြုလျက်ရှိပြီး အချုပ်သားဆံ့တဲ့ဦးရေဟာ ကျား(၄၀)နဲ့ မ(၂၀)ဖြစ်ပါတယ်။ သက်သေခံပစ္စည်းတွေကို ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများအနေနဲ့ မိမိတို့ရုံးမှာ လာရောက်အပ်နှံတဲ့ အခါမှာ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှာ ရေးသွင်းပြီး မိမိတို့ရဲ့သက်သေခံပစ္စည်း သိုလှောင်ရုံများမှာ စနစ်တကျ ထိန်းသိမ်းထားရှိပါတယ်။ ပြည်နယ်တရားလွှတ်တော်မှာ ထိန်းသိမ်းထားရခြင်းမရှိပါဘူး။

ကယားပြည်နယ် တရားလွှတ်တော်မှာ ဘီလစ်စတိုခန်း ရှိပြီးသားဖြစ်ပါတယ်။ ပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်တရားရေး ဦးစီးမှူးရုံးများအနေနဲ့လည်း ပြစ်မှုဆိုင်ရာအမှုတွေ လက်ခံဆောင်ရွက်ရခြင်း မရှိတဲ့အတွက် သက်သေခံပစ္စည်းတွေ လက်ရှိထိန်းသိမ်းရခြင်း မရှိတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ပြည်နယ်တရားလွှတ်တော်အတွက် သက်သေခံပစ္စည်း သိုလှောင်ရုံထားရှိဖို့ လိုအပ်ခြင်း မရှိပါကြောင်းနှင့် ကယားပြည်နယ် တရားလွှတ်တော် (High Court) ရုံးကို လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲပြီး အသစ်ထပ်မံ

တည်ဆောက်ပေးဖို့ အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၀း၁၅။

ဥက္ကဋ္ဌ။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

လွတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၅။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် က လွတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၆။

ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ။ လေးစားအပ်ပါသော အမျိုးသားလွတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ ပြည်သူတို့ရဲ့ အခွင့်အရေးကို ရရှိစေလိုတဲ့ ရည်ရွယ်ချက်ဖြင့် ကြယ်ပွင့်ပြမေးခွန်းတစ်ရပ်ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ လွတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ကျင့်သုံး တည်ထောင်လာခဲ့တာ အခုဆိုရင် ဒုတိယလွတ်တော်သက်တမ်းရဲ့ ဒုတိယနှစ်ပင် ကျော်လွန်ခဲ့ပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲတွေမှာ ပြည်သူတွေဟာ မိမိတို့ရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်ပေးကြမယ့် မိမိတို့ရဲ့ ကိုယ်စားလှယ်များကို ရွေးချယ်ပေးခဲ့ကြပြီး ဖြစ်ပါတယ်။ အခုအခါမှာ ပြည်သူတို့ရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ လွတ်တော်အသီးသီးနှင့် ဝန်ကြီးဌာနအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြပြီ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူများအနေနဲ့ မိမိတို့ရွေးချယ်ပေးလိုက်ကြတဲ့ ကိုယ်စားလှယ်တွေဟာ ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနိုင်စွမ်းမရှိခြင်း၊ အရည်အချင်းမပြည့်ဝခြင်း၊ အကျင့်စာရိတ္တပျက်ယွင်းခြင်း၊ ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းတွေ ရှိလာတဲ့အခါမှာ ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့ဆန္ဒတွေ ပြည်သူမှာ ဖြစ်ပေါ်လာကြပါတယ်။ ပြည်သူတွေအတွက် ဒီအခွင့်အရေးကို သတ်မှတ်

ချက်များနှင့်အညီ ရရှိခံစားနိုင်ဖို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်း ဖော်ပြပေးအပ်ထားပြီးဖြစ်ပါတယ်။ သို့သော် ဒီကနေ့အထိ ဒီအခွင့်အရေးကို ပြည်သူတွေ မခံစားရသေးပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀۸ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၉) ရွေးကောက်တင်မြှောက်ခြင်းခေါင်းစဉ်အောက်က လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(က)မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို အကြောင်းအရာ(၅)ရပ်နဲ့ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိကြောင်း ဖော်ပြပါရှိပါတယ်။ ဒီပုဒ်မရဲ့ ပုဒ်မခွဲ(ခ)ကနေ (ဇ)အထိကတော့ လုပ်ဆောင်ရမယ့်လုပ်ငန်းအဆင့်ဆင့်ကို ဖော်ပြထားပါတယ်။ ပုဒ်မ ၃၉၇ မှာတော့ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စရပ်များနှင့်လည်းကောင်း လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်ဟု ပြည်ထောင်စုလွှတ်တော်ရဲ့ တာဝန်ကို အတိအလင်း ဖော်ပြပါရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနှင့်ပတ်သက်ပြီး ပထမအကြိမ် လွှတ်တော်ကာလတုန်းက ပြည်ထောင်စုလွှတ်တော်မှာ ဥပဒေကြမ်းတင်သွင်းပြီး ဆွေးနွေးခဲ့ကြဖူးပါတယ်။ သို့သော် ဥပဒေပြဋ္ဌာန်းပေးနိုင်တဲ့အဆင့်အထိ မရောက်ရှိခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ထောင်ထားတဲ့ နိုင်ငံတိုင်းဟာ ဒီမိုကရေစီဆိုင်ရာ အခြေခံစံနှုန်းတွေကို လေးစားလိုက်နာကြရမှာဖြစ်ပြီး ပြည်သူတို့ရဲ့အခွင့်အရေးကို အလေးထားကြရမှာ ဖြစ်ပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းတုန်းက မဆောင်ရွက်နိုင်ခဲ့တဲ့ကိစ္စတစ်ရပ်ကို ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဆောင်ရွက်ပေးနိုင်ကြလိမ့်မယ်လို့ လည်း ယုံကြည်မျှော်လင့်မိပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူကို မျက်နှာမူကာ ပြည်သူ့အရေးဦးစားပေး၍ ပြည်သူ့ဆန္ဒကို လေးစားတန်ဖိုးထားပါသည်ဆိုသော စကားများအရ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ ပြည်သူတို့ရဲ့ အခွင့်အရေးကို လက်တွေ့ရရှိခံစားကျင့်သုံးနိုင်ရေးအလို့ငှာ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၀း၁၉။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၉။

ဖြေကြားချက်

ဦးအောင်မြင့် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်အပ်ပါတယ်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုယ်စား ကျွန်တော် အဖွဲ့ဝင် ဦးအောင်မြင့် က လေးစားစွာ ပြန်လည်ရှင်းလင်း ဖြေကြား ပါမယ်။

မေးခွန်းပါကိစ္စရပ်နှင့် စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပထမ အကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလ ၂၇-၈-၂၀၁၂ ရက်နေ့က တစ်ကြိမ် ဒီဥပဒေကြမ်း တင်ခဲ့ ပါတယ်။ နောက် (၃)နှစ်ခန့်အကြာဖြစ်တဲ့ ၁၃-၈-၂၀၁၅ ရက်နေ့မှာ နောက်ထပ်တစ်ကြိမ် ပြည်ထောင်စု လွှတ်တော်နာယကထံကို လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း ကို ပေးပို့တင်သွင်းခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ ကိုယ်စားလှယ်များ အကျေအလည် ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီလို ဆွေးနွေးရာမှာ လွှတ်တော်(၂)ရပ် သဘောထားကွဲလွဲပြီးတော့ ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြန်လည်လေ့လာစိစစ်ခဲ့တဲ့အလုပ် လုပ်ခဲ့ရပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ထိခိုက်နိုင်တဲ့အချက်တွေရှိတဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် ညှိနှိုင်း ဆွေးနွေးပြီးမှသာ အတည်ပြုရမယ့် ဥပဒေဖြစ်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ကို အစီရင်ခံစာ တင်သွင်းလာခဲ့ပါတယ်။ အဲဒီအစီရင်ခံစာအပေါ်မှာ ကိုယ်စားလှယ်(၁၅)ဦးက ဆွေးနွေးခဲ့ပြီးတဲ့နောက် ၂၀-၈-၂၀၁၅ ရက်နေ့ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၈)ရက်မြောက်နေ့မှာ ထောက်ခံမဲ(၂၆၄)မဲ၊ ကန့်ကွက်မဲ(၂၃၅)မဲ၊ ကြားနေမဲ(၁၂)မဲနဲ့ ဒီ အစီရင်ခံစာအပေါ်မှာ ဆွေးနွေးပြီးတဲ့နောက် ဆိုင်းငံ့ထားဖို့ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခဲ့ပါတယ်။

အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်တာဝန်က ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ (၂)ကြိမ်တိုင် တင်ခဲ့ပါတယ်။ (၂)ကြိမ်တိုင် တင်ခဲ့တဲ့ အခါမှာ အစောက ကျွန်တော်တင်ပြတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ထိခိုက်နိုင်တဲ့ အချက်တွေရှိတယ်လို့ ပြည်ထောင်စုလွှတ်တော်မှာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီးတဲ့နောက် ဆိုင်းငံ့ထားခဲ့တာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တာဝန်က ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ယခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ လည်းပဲ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး က ကြယ်ပွင့်ပြမေးခွန်း၊ အခုမေးခွန်းလိုပဲ မေးခဲ့တဲ့အတွက် ၆-၂-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယခု တစ်ကြိမ် ထပ်မံမေးတဲ့ မေးခွန်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော်က ဆိုင်းငံ့ထားဖို့ သဘောတူအတည်ပြုခဲ့တဲ့ကိစ္စအပေါ်မှာ အလေးဂရုပြုပြီးတော့ လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပိုမိုကောင်းမွန်ပြည့်စုံစေရေးအတွက် ဆက်လက်

ပြင်ဆင် ညှိနှိုင်းပြုစုလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၀း၂၃။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ကယားပြည်နယ်၊ ဖရူဆိုမြို့မှ ဒိုးပရယ်ရွာအထိကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဒိုးပရယ်ရွာမှ လျားဒူရွာအထိကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၂၃။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ က ကယားပြည်နယ်၊ ဖရူဆိုမြို့မှ ဒိုးပရယ်ရွာအထိကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဒိုးပရယ်ရွာမှ လျားဒူရွာအထိကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၃။

ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လွီးဇာ ဖြစ်ပါတယ်ရှင်။ အခုမေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၏ ဒိုးပရယ်ကျေးရွာအုပ်စုတွင်ရှိသော ဖရူဆိုမြို့မှ ဒိုးပရယ်ရွာအထိ ကတ္တရာလမ်းနှင့် ဒိုးပရယ်ရွာမှ လျားဒူကျေးရွာအထိ ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိပဲ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အကျိုးအကြောင်းဖော်ပြချက်ကို အနည်းငယ် တင်ပြခွင့်ပြုပါရှင်။ ဖရူဆိုမြို့မှ လျားဒူရွာအထိ (၈)မိုင် (၇)ဖာလုံ ကွာဝေးပြီး ၎င်းလမ်းကို ၁၉၆၂ ခုနှစ်တွင် ပြည်တော်သာစီမံကိန်းဖြင့် နိုင်ငံတော်အစိုးရက ဖောက်လုပ်ပေးခဲ့ပါတယ်။ ၎င်းလမ်းကို ဖရူဆိုမြို့မှ ဒိုးပရယ်ရွာအထိ အရှည်မိုင် (၄)မိုင် (၃)ဖာလုံအား ကျောက်ချောလမ်းအဖြစ် ပြုပြင်ပေးခဲ့သော်လည်း ဒိုးပရယ်ရွာမှ လျားဒူရွာအထိ (၄)မိုင် (၄)ဖာလုံအား ပြုပြင်ထိန်းသိမ်းပေးခြင်း အခုအချိန်ထိ မရှိခဲ့ပါ။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ၎င်းကျေးရွာအုပ်စုနေ ပြည်သူများမှာ လူမှုစီးပွားရေးဘဝ နိမ့်ကျလျက်ရှိနေပါတယ်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ဖရူဆိုမြို့မှ ဒိုးပရယ်ရွာအထိ (၄)မိုင် (၃)ဖာလုံအား ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဒိုးပရယ်ရွာမှ လျားဒူရွာအထိ (၄)မိုင် (၄)ဖာလုံကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း တိုးမြှင့်ပေးပါရန် အစီအစဉ်

ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ နန်းတိုင်းကျေးရွာအုပ်စု၊ တောင်လားကျေးရွာအုပ်စုနှင့် တောင်ကွဲ ကျေးရွာအုပ်စု(၃)ခုကို ဆက်သွယ်ဖောက်လုပ်ထားသော နန်းတိုင်း-တောင်လား-တောင်ကွဲ ကျေးလက်လမ်း (၁၅)မိုင် (၄)ဖာလုံကို ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၂၅။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် က ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ နန်းတိုင်းကျေးရွာအုပ်စု၊ တောင်လားကျေးရွာအုပ်စုနှင့် တောင်ကွဲကျေးရွာအုပ်စု(၃)ခုကို ဆက်သွယ်ဖောက်လုပ်ထားသော နန်းတိုင်း-တောင်လား-တောင်ကွဲ ကျေးလက်လမ်း(၁၅)မိုင် (၄)ဖာလုံကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၆။

ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းမယ့် မေးခွန်းကတော့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ နန်းတိုင်းကျေးရွာအုပ်စု၊ တောင်လားကျေးရွာအုပ်စုနှင့် တောင်ကွဲကျေးရွာအုပ်စု အုပ်စု(၃)ခုကို ဆက်သွယ်ဖောက်လုပ်ထားသော နန်းတိုင်း - တောင်လား - တောင်ကွဲ ကျေးလက်လမ်း (၁၅)မိုင် (၄)ဖာလုံကို ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်မေးမြန်းတဲ့ မေးခွန်းမှာ ပါဝင်တဲ့ အဲဒီကျေးရွာအုပ်စု(၃)ခုကို ဆက်သွယ်ထားတဲ့ (၁၅)မိုင် (၄)ဖာလုံလမ်းမကြီးဟာဆိုရင် ကျွန်တော်တို့ ရှမ်းပြည်နယ်၊ အောင်ပန်းနှင့် ကယားပြည်နယ်၊ လွိုင်ကော်ကို ဆက်သွယ်တဲ့ လမ်းမကြီးနဲ့ ဆက်စပ်နေတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ အဲဒီလမ်းမကြီးရဲ့နံဘေးမှာရှိတဲ့ နန်းတိုင်းကနေပြီးတော့မှ နန်းတိုင်းကျေးရွာအုပ်စု၊ တောင်လားကျေးရွာအုပ်စု၊ တောင်ကွဲကျေးရွာအုပ်စု စတဲ့ အဲဒီကျေးရွာအုပ်စုဝင် (၃၆)ရွာ အသုံးပြုနေတဲ့ ဒီ (၁၅)မိုင် (၄)ဖာလုံလမ်းမကြီး ဖြစ်ပါတယ်။ ဒီ နန်းတိုင်းကျေးရွာအုပ်စု၊ တောင်လားကျေးရွာအုပ်စုနှင့် တောင်ကွဲကျေးရွာအုပ်စုတို့မှာ ကျွန်တော်တို့ ဓနု၊ ပအိုဝ်း၊ တောင်ရိုး၊ အင်းသား စတဲ့ တိုင်းရင်းသားများ နေထိုင်ကြပြီးတော့ အိမ်ခြေအားဖြင့်(၂၄၀၀)ကျော်၊ လူဦးရေအားဖြင့် (၁၂၀၀၀)နီးပါး ရှိပါတယ်။ အဲဒီကျေးရွာတွေမှာ မှီတင်းနေထိုင်ကြတဲ့ ဒေသခံ တိုင်းရင်းသားများဟာ မိရိုးဖလာ တောင်ယာစိုက်ပျိုးခြင်းနှင့် အသက်မွေးကြပါတယ်။ အာလူး၊ ချင်း၊ ကြက်သွန်ဖြူ၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ မုန်လာပွင့်၊ ဆူကာသီး(ခေါ်) ဂေါ်ရခါးသီး စတဲ့ ဟင်းသီးဟင်းရွက်တွေ၊ လိမ္မော်၊ မက်မန်း၊ ကော်ဖီ၊ လက်ဖက်၊ တောင်ယာစပါး၊ ဂျုံ၊ ပြောင်း၊ ငရုတ်သီးနှံများကို အဓိက ထုတ်လုပ်ရာဒေသကြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့ကို မြန်မာပြည်ရဲ့မီးဖိုချောင်လို့ ကျော်ကြားလောက်သည်အထိ ကျော်ကြားစေလောက်တဲ့ အထောက်အပံ့ကိုပေးနေတဲ့ ကျေးရွာတွေဟာ အဲဒီဒေသက တိုင်းရင်းသားများဖြစ်ပါတယ်။ အဲဒီဒေသက တောင်သူတိုင်းရင်းသားတွေဟာ စိုက်ပျိုးထုတ်လုပ်တဲ့ ဟင်းသီးဟင်းရွက်တွေ သစ်သီးသစ်နှံများကို စောစောကပြောတဲ့ အောင်ပန်းမြို့က ပွဲရုံတွေကတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးကို တင်ပို့ရောင်းချတာကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်ကို ဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးနဲ့ ဆက်စပ်နေတဲ့ နန်းတိုင်းဘေးမှာရှိတဲ့ နန်းတိုင်း - တောင်လား - တောင်ကွဲ ကျေးရွာအုပ်စုချင်းဆက် ကျေးလက်လမ်းဟာ မြေသားလမ်းဖြစ်၍ မိုးရာသီမှာ သွားလာရန် အလွန်ခက်ခဲပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားတွေဟာ မိရိုးဖလာ တောင်ယာလုပ်ငန်းကို မိုးရာသီမှာ ရွာသွန်းတဲ့ မိုးရေကိုသာ အဓိကထား အမှီပြုပြီးတော့မှ စိုက်ပျိုးထုတ်လုပ်ကြတာ ဖြစ်ပါတယ်။ အဲဒီတော့ မိုးတွင်းမှာထုတ်လုပ်တဲ့ စိုက်ပျိုးရေးထွက်ကုန်များကို အဆိုပါ ကျေးရွာများမှတစ်ဆင့် စျေးကွက်တည်ရှိရာ အောင်ပန်းမြို့ပွဲရုံသို့ တင်ပို့ရောင်းချရန် လမ်းခရီးအခက်အခဲတွေများစွာ ကြုံတွေ့ခဲ့ရပါတယ်။ လမ်းခရီးအခက်အခဲ၊ လမ်းဆိုးရွားမှုကြောင့် ကုန်ပစ္စည်းများကို အချိန်မီ မတင်ပို့နိုင်သဖြင့် ဒေသခံတိုင်းရင်းသားများရဲ့ အကျိုးစီးပွား ထိခိုက်နစ်နာပျက်စီးခြင်းတွေ ဖြစ်နေပါတယ်။ လမ်းမကောင်းသဖြင့် ဒေသခံတိုင်းရင်းသားများရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အခြေအနေများ နိမ့်ပါးခြင်း စတဲ့ လူမှုဒုက္ခများ တွေ့ကြုံခံစားနေရပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းလိုသည်မှာ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ နန်းတိုင်း၊ တောင်လား၊ တောင်ကွဲကျေးရွာအုပ်စု (၃)ခုကို ဆက်သွယ်ထားသော (၁၅)မိုင် (၄)ဖာလုံရှိသည့် အုပ်စုချင်းဆက် ကျေးလက်လမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်နှစ်တွင် စတင်တည်ဆောက်ပေးမည်ကို သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

အချိန်၊ ၁၀း၂၉။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၂၉။

ဖြေကြားချက်

ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လွီးဇာ ရဲ့ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်မှာရှိတဲ့ ဖရူဆိုမြို့မှ ဒိုးပရယ်ရွာအထိကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဒိုးပရယ်ရွာမှ လျားဒူရွာအထိကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ ကယားပြည်နယ်အပါအဝင် နယ်စပ်ဒေသများရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းရေးဆွဲပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၇ - ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ်(၂၇၄၉.၅၂)သန်းဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီးတော့ ဖရူဆိုမြို့နယ်မှာ ရန်ပုံငွေကျပ်(၅၆၇.၅၇၆)သန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်မှာပါရှိတဲ့ ဖရူဆိုမှ ဒိုးပရယ်ရွာအထိ (၄/၃)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လတွင် အဆိုပြု လျာထားတင်ပြပြီးဖြစ်ပါသဖြင့် ရန်ပုံငွေ ခွင့်ပြုမှုအပေါ်မူတည်၍ စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဒိုးပရယ်ရွာမှ လျားဒူရွာအထိ ကျောက်ချောလမ်းအဖြစ် တိုးမြှင့်ပေးရန် မေးခွန်းနဲ့ ပတ်သက်၍ ဒိုးပရယ် - ဝှယ်သူတော် - ထီးဒူးလယ် - လျားဒူ - ထီးလျားဆို ကျေးရွာချင်းဆက်လမ်းပေါ်မှာ ကျေးရွာ(၅)ရွာရှိပြီးတော့ အိမ်ခြေ(၁၁၁)လုံး၊ လူဦးရေ(၅၆၂)ဦး ရှိကြောင်းလည်း သိရပါတယ်။ အဆိုပါလမ်းကတော့ ၁၉၆၂ ခုနှစ်ပတ်ဝန်းကျင်က ဖောက်လုပ်ခဲ့ပြီးတော့ အရှည်အနေနဲ့ (၄/၅)မိုင်၊ အကျယ်(၁၀)ပေခန့်သာရှိကြောင်းလည်း ဆန်းစစ်သိရှိရပါတယ်။ အဆိုပါလမ်း အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်တဲ့လုပ်ငန်းများကို ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်နယ်)ရန်ပုံငွေတွင် အဆိုပြု လျာထားတင်ပြထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလတ်(ခ) ဦးကိုလတ် ရဲ့ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ နန်းတိုင်းကျေးရွာအုပ်စု၊ တောင်လားကျေးရွာအုပ်စုနှင့် တောင်ကွဲကျေးရွာအုပ်စု(၃)ခုကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ နန်းတိုင်း - တောင်လား - တောင်ကွဲ ကျေးလက်လမ်း (၁၅)မိုင် (၄)ဖာလုံကို ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့လမ်းဟာ (၁၅)မိုင် (၄)ဖာလုံကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ်ရေပြွန်(၁၅)ခုနှင့် ကွန်ကရစ်တံတား(၂)စင်းတို့အားလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါ ကျောက်ချောလမ်းပိုင်း(၁၅/၄)မိုင် လမ်းကြောင်းမှာ ကလောမြို့မှ တောင်လားကျေးရွာအုပ်စုသွားလမ်း မိုင်တိုင်(၁၀/၇)မိုင်အထိ ကျောက်ချောလမ်းပိုင်းမှာ ကောင်းမွန်လျက်ရှိပြီး ရာသီမရွေး သွားလာနိုင်တာကိုလည်း သိရှိရပါတယ်။ မိုင်တိုင်(၁၀/၇)မိုင်မှ (၁၅/၄)မိုင်ကြား (၄/၅)မိုင်ခန့်မှာ ယာဉ်ကြီးများသွားလာမှု နည်းပါးပြီး ထော်လာဂျီ၊ မော်တော်ဆိုင်ကယ်များသာ သွားလာမှုရှိသဖြင့် လမ်းဘေးချုံနွယ်များ ပေါက်ရောက်လျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ မိုးတွင်းကာလ သွားလာမှုမှာတော့ အချို့လမ်းအပိုင်းနေရာများမှာ ပျက်စီးလျက်ရှိပြီး လက်ရှိအနေအထားမှာကတော့ ဒေသခံပြည်သူများမှ ကိုယ့်အားကိုယ်ကိုးပြုပြင်၍ သွားလာအသုံးပြုလျက်ရှိပါကြောင်းလည်း ဒေသတင်ပြချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေဖြင့် ၎င်းလမ်းကို (၁၅/၄)မိုင်အနက်မှ (၂/၇)မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ (၃/၀)မိုင် ကတ္တရာခင်းခြင်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ဆက်လက်လျာထား ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိပါကြောင်းနှင့် ကျန်ရှိသည့်လမ်းပိုင်း(၉/၅)မိုင် ကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

အချိန်၊ ၁၀း၃၃။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာတဲ့ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၄။

ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်းဆုမွန်တောင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေးမှာကတော့ ပြည်သူ့လွှတ်တော်က နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း ပေးပို့လာတဲ့ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ကျွန်တော် ပြင်ဆင်ချက်(၂)ခုနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ဒါဟာ ဒီဥပဒေရဲ့ မူရင်းဥပဒေကို ကျွန်တော် Scan ဖတ်ပြီးတော့ တင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီဥပဒေကို ဒီလောက်ပဲသုံးပါတယ်။ Section တစ်ခုပဲသုံးပါတယ်။ ဒီထဲမှာကျွန်တော် ပြင်ဆင်ချက်(၂)ခု ဆွေးနွေးပါမယ်။ ဒီပြင်ဆင်ချက်ကို ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ ဒီဥပဒေတွေဟာ ကျွန်တော်တို့ နှစ်ပေါင်း(၁၆၈)နှစ်ရှိပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ အင်္ဂလိပ်လိုပြဋ္ဌာန်းထားတဲ့ ဥပဒေ(၁၃၇)ခုထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့ ကြာမြင့်ပြီဖြစ်တဲ့ဥပဒေကို ပြင်ဆင်တဲ့အခါမှာ ခေတ်ကာလနဲ့ မလျော်ညီတဲ့ စကားရပ်တွေကို ပြင်ဆင်ရမယ့်အတွက် အကြံပြုဆွေးနွေးခြင်းလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေအဟောင်းတွေ ပြင်ဆင်တဲ့အခါမှာ ခေတ်ကာလနဲ့ လျော်ညီတဲ့ စကားရပ်ကို ပြင်ဆင်မှာဖြစ်တဲ့အတွက် ကျွန်တော် စကားရပ်တစ်ခုလုံးကို ပြင်ဆင်မှာဖြစ်တဲ့

အတွက်။ ဒါက ကျွန်တော်တို့ ဟိုးအပေါ်မှာကျွန်တော် အပေါ်အကန့်မှာရေးထားတဲ့ အောက်မှာအပြာနဲ့ တားထားတာ နိုင်ငံတော်သမ္မတက ပယ်ဖျက်ထားတဲ့ဟာ ဖြစ်ပါတယ်။ ဒါကလည်း ဒီဥပဒေမှာပိုလျှံ နေတဲ့ စကားရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ Bengal Code က ကျွန်တော်တို့နိုင်ငံမှာ မသုံးစွဲတဲ့ အတွက် Bengal Code ပါ Section 9 ပြဋ္ဌာန်းချက်ပါအတိုင်းဆိုတဲ့ဟာက စကားရပ်ပိုနေတဲ့အတွက် ဒါကိုပယ်ဖျက်ထားတာ ကျွန်တော် သဘောတူပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြင်ဆင်မယ့်စကားရပ်က အနီနဲ့ပြထားတဲ့ Muhammadan မူဟမ်မန်ဒမ် ဆိုတဲ့စကားရပ်ကို ကျွန်တော် ပြင်ဆင်မှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ Mu နဲ့စထားတဲ့ Muhammadan က Mu နဲ့ စထားတဲ့ မူဟာမတ် က အခု ကျွန်တော်တို့ (၁၈)ရာစုမှာသုံးတဲ့ မူဟာမတ်က အခုခေတ်ကာလမှာ မူဟာမတ်လို့ မသုံးဘဲနဲ့ မိုဟာမတ်လို့ သုံးတာ Mohammedan မိုဟာမတ်လို့ ဒါကသုံးတဲ့အတွက် ကျွန်တော်က ပြင်ဆင် ရခြင်းဖြစ်ပါတယ်။ ဒါကလည်း ဘာလဲဆိုတော့အခါကျတော့ ကျွန်တော်တို့ ဥပဒေဟောင်းတွေ ပြင်ဆင်တဲ့ အခါမှာ စကားရပ်တွေက အမြဲတမ်းပြောင်းလဲနေတယ်။ ဒီလိုပြောင်းလဲနေတဲ့အတွက် ဥပဒေကြမ်းတွေ ပြင်ဆင်တဲ့အခါမှာ ကျွန်တော်တို့ ခေတ်နဲ့လျော်ညီတဲ့ ခေတ်မီစကားရပ်ကို ထည့်သွင်းရမှာဖြစ်တဲ့ အတွက် ကျွန်တော်တို့ ဒီလိုပြင်ဆင်ရခြင်းလည်းဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တို့ အရင်တုန်းကဆိုရင် ဥပဒေဟောင်းတွေမှာ တံငါလို့ ရေးထားတယ်ဆိုရင် အခုနောက်ပိုင်း ပြင်ဆင်တဲ့ဥပဒေမှာ ရေလုပ်သားလို့ ဒီလိုပြင်ဆင်လေ့ရှိတယ်။ ဒါက ခေတ်နှင့်ညီတဲ့ စကားရပ်ကို သုံးစွဲလေ့ရှိတယ်။ ကျွန်တော်တို့ ဟိုတုန်းက အစေခံဆိုရင် အခု အိမ်ဖော် လို့ ကျွန်တော်တို့ ပြန်လည်ပြင်ဆင်တယ်။ ဒီလိုပြင်တယ်ပေါ့။ ပုလိပ်ဆိုရင်လည်း ပြည်သူ့ရဲ ဆိုလည်း ဒီလိုပဲ။ ဒီလို ကျွန်တော်တို့ ပြင်ဆင်ခြင်းဟာ ဥပဒေပြင်ဆင်ခြင်းရဲ့ ဒါ အနုပညာ Side သဘောအရ ကျွန်တော်တို့ ပြင်ဆင်ခြင်းဖြစ်တယ်။ ဒါကြောင့်မို့လို့ အခုဒီမှာက Mu နဲ့စထားတဲ့ မူဟာမန်ဒမ်ကို ကျွန်တော်တို့က Mohammedan မိုဟာမန်ဒမ် ဒါမှ မိုဟာမတ် လို့ခေါ်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဒီလို မိုဟာမတ် ဆိုတဲ့စကားရပ်ကို ကျွန်တော်က ဒီလိုပြင်ဆင်တာဖြစ်တဲ့ အတွက်။

နောက်ပြီးတော့ ဒီဥပဒေသမိုင်း ဖြစ်ပေါ်တုန်းကလည်း အိန္ဒိယနိုင်ငံမှာ ဒီစကားတစ်လုံးနဲ့ အငြင်းပွားစရာ ဖြစ်ခဲ့ဖူးတယ်။ Mu နဲ့ စထားတဲ့ ဒီ Muhammadan က အစ္စလာမ်ဘာသာဝင်တွေက ဘယ်လိုသတ်မှတ်သလဲဆိုတော့ ဒါသူတို့ Insultingly ဖြစ်တယ်လို့ သတ်မှတ်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ခေတ်နဲ့မလျော်ညီတဲ့ စကားရပ်တွေကို ကျွန်တော်တို့က ပြန်လည်ပြင်ဆင်ရမှာ ဖြစ်တဲ့ အတွက် Mohammedan မိုဟာမန်ဒမ် ဆိုတဲ့စကားရပ်ကို ကျွန်တော် ပြင်ဆင်ဖို့အတွက် ဖြစ်ပါတယ်။ ဒါမှမဟုတ်လည်း ဒီနေရာမှာ Mohammedan မသုံးဘူးဆိုရင် မူဆလင်လို့ သုံးလို့ရတယ်။ Muslim ဆိုလည်းရတယ်။ ဒါကအတူတူပဲ။ Followers of the Islamic religion ပဲ။ ဒီနှစ်ခုကတော့ အတူတူ ဖြစ်တဲ့အတွက် ကျွန်တော်က အားသာချက်၊ ကျွန်တော် သဘောကျတာကတော့ Mohammedan လို့ ကျွန်တော် ပြင်ဆင်မှာဖြစ်ပါတယ်။

ဒါနောက်တစ်ခုက ကျွန်တော် ခေါင်းစဉ်ကို ပြင်ဆင်တာဖြစ်ပါတယ်။ ခေါင်းစဉ်တွေမှာ ကျွန်တော်တို့က အင်္ဂလိပ်လိုပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို ပြင်ဆင်တဲ့အခါမှာ မြန်မာမှုပြုတဲ့ခေါင်းစဉ်နဲ့ ပေးရမယ်ဆိုတဲ့ ဒါဥပဒေပြင်ဆင်ခြင်းမူအရ ဒါ ကျွန်တော်တို့က မြန်မာမှုပြုပြီးတော့ အမျိုးဇာတ်

ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ ဆိုပြီးတော့ ဒါက ဒီလို မြန်မာမှုပြုပြီးတော့ဆိုတာ ခေါင်းစဉ်ပေးလိုက်တယ်။ ပေးတဲ့အခါမှာ ခေါင်းစဉ်မှာ ကျွန်တော်တို့က "အ" ဆိုတဲ့စာလုံးကပိုနေတယ်။ တစ်လုံးပယ်ဖျက်ချင်တယ်။ "မှ" ဆိုတဲ့ဟာ အနီရောင်စာလုံးကို ပယ်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ "မှ" ဆိုတာက ကျွန်တော်တို့က ထွက်ခွာရာဝိဘတ်ကိုသုံးတယ်။ အထူးသဖြင့် ဥပဒေခေါင်းစဉ်တွေမှာ သုံးလေ့ သိပ်မရှိတတ်ဘူး။ ပြဋ္ဌာန်းချက်တွေမှာတော့သုံးတယ်။ ထွက်ခွာရာဝိဘတ်တွေက မန္တလေးမှ ရန်ကုန်သို့ စသည်အားဖြင့် ဒီလို ထွက်ခွာရာဝိဘတ်တွေမှာ သုံးလေ့ရှိတယ်။ ရှေ့မှာ ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေမှာလည်း အများကြီးရှိပါတယ်။ ကျွန်တော်တို့ ဒီ "မှ" တွေကို ကျွန်တော်တို့ ဝှက်ပြီးတော့သုံးတယ်။ ကျွန်တော်တို့ စကားဝှက် အနေနဲ့သုံးတယ်။ ရှေ့မှာပြထားတဲ့ ဥပဒေတွေမှာဆိုကျွဲ၊ နွား သတ်ဖြတ်ခြင်းမှ တားမြစ်သည့်ဥပဒေလို့ မသုံးဘူး။ "မှ" ဆိုတာကို ဝှက်ပြီးတော့ ကျွဲ၊ နွား သတ်ဖြတ်ခြင်း တားမြစ်ရေးဥပဒေဆိုပြီး "မှ" ကို စကားဝှက်အနေနဲ့ ထားတာတွေရှိပါတယ်။ နောက်ပြီးတော့ ရှိပါတယ်။ အပင်ပိုးမွှားများကျရောက်ခြင်းမှ ကာကွယ်သည့်ဥပဒေလို့ "မှ" ကို မသုံးတော့ဘဲနဲ့ ဘယ်လိုသုံးလဲဆိုရင် အပင်ပိုးမွှားကာကွယ်သည့်ဥပဒေဆိုပြီး ဒီလို "မှ" ကို စကားဝှက်ထားပြီးတော့ ဥပဒေခေါင်းစဉ်ထဲမှာ သုံးလေ့ရှိတဲ့အတွက် ကျွန်တော်က အဲဒီ "မှ" ဆိုတာကို ပယ်ဖျက်တာဖြစ်ပါတယ်။ ဟိုက "အ" တစ်လုံး ပိုတယ်ဆိုတာကလည်း အမျိုးဇာတ်လို့ ပြောလိုက်တဲ့အတွက် ဒါဟာ ဘာဖြစ်လဲ ဆိုတဲ့အခါကျတော့ genetic ဖြစ်တယ်။ အမျိုးဇာတ်ဆိုတဲ့နေရာမှာ အမျိုးဆွေ၊ အမျိုးဆွေကို ဆိုတယ်။ အမျိုးနွယ်၊ အမျိုးဆွေကို။ အဲဒီတော့ ဒီဥပဒေမှာ ကိုယ်တိုင်ကိုက သူက တရားမကြောင်းနဲ့ ရင်ဆိုင်နေရတဲ့တရားလိုပဲဖြစ်ဖြစ်၊ တရားခံပဲဖြစ်ဖြစ် သူဟာ။ ကျွန်တော့်ကို အချိန်မလောက်ရင် နည်းနည်းလေးတော့ တိုးပေးပါလား။ ကျွန်တော် ဒါလေးတွေပြီးအောင် လုပ်ပေးပါ့မယ်။

ဥက္ကဋ္ဌ။ ။ မတိုးပေးဘူး။ သတ်မှတ်ချိန်ပဲ။

ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ။ "အ" တစ်လုံးကို ဖြတ်ပြီးတော့ ကျွန်တော် မျိုးဇာတ်ပျက်ယွင်းခြင်း ဖယ်ရှားသည့် ဥပဒေလို့ ကျွန်တော် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

မူရင်းဥပဒေကို ဖော်ပြသည့် စာမျက်နှာ၏ မြင်ကွင်းပုံ (ဒ၅)



THE CASTE DISABILITIES REMOVAL ACT.

[INDIA ACT XXI. 1850.] (11th April, 1850.)

Preamble.

Whereas it is enacted by section 9, Regulation VII. 1832, of the Bengal Code, that " whenever in any civil suit the parties to such suit may be of different persuasions, when one party shall be of the Hindu and the other of the Muhammadan persuasion, or where one or more of the parties to the suit shall not be either of the Muhammadan or Hindu persuasions, the laws of those religions shall not be permitted to operate to deprive such party or parties of any property to which, but for the operation of such laws, they would have been entitled "; and whereas it will be beneficial to extend the principle of that enactment ; It is enacted as follows :—

Law or usage which inflicts forfeiture of, or affects, rights on change of religion or loss of caste to cease to be enforced.

1. So much of any law or usage as inflicts on any person forfeiture of rights or property, or may be held in any way to impair or affect any right of inheritance, by reason of his or her renouncing, or having been excluded from the communion of, any religion, or being deprived of caste, shall cease to be enforced as law.

ဥပဒေစာသားကိုတင်ပြသည့် မြင်ကွင်းပုံ (ဒ၅-၁)



THE CASTE DISABILITIES REMOVAL ACT.

[INDIA ACT XXI. 1850.] (11th April, 1850.)

Preamble.

Whereas it is enacted by section 9, Regulation VII. 1832, of the Bengal Code, that " whenever in any civil suit the parties to such suit may be of different persuasions, when one party shall be of the Hindu and the other of the Muhammadan persuasion, or where one or more of the parties to the suit shall not be either of the Muhammadan or Hindu persuasions, the laws of those religions shall not be permitted to operate to deprive such party or parties of any property to which, but for the operation of such laws, they would have been entitled "; and whereas it will be beneficial to extend the principle of that enactment ; It is enacted as follows :—

Law or usage which inflicts forfeiture of, or affects, rights on change of religion or loss of caste to cease to be enforced.

1. So much of any law or usage as inflicts on any person forfeiture of rights or property, or may be held in any way to impair or affect any right of inheritance, by reason of his or her renouncing, or having been excluded from the communion of, any religion, or being deprived of caste, shall cease to be enforced as law.

THE CASTE DISABILITIES REMOVAL ACT.

[INDIA ACT XXI. 1850.] (11th April, 1850.)

Preamble.

Whereas it is enacted by section 9, Regulation VII. 1832, of the Bengal Code, that " whenever in any civil suit the parties to such suit may be of different persuasions, when one party shall be of the Hindu and the other of the Mohammedan persuasion, or where one or more of the parties to the suit shall not be either of the Mohammedan or Hindu persuasions, the laws of those religions shall not be permitted to operate to deprive such party or parties of any property to which, but for the operation of such laws, they would have been entitled "; and whereas it will be beneficial to extend the principle of that enactment ; It is enacted as follows :—

Law or usage which inflicts forfeiture of, or affects, rights on change of religion or loss of caste to cease to be enforced.

1. So much of any law or usage as inflicts on any person forfeiture of rights or property, or may be held in any way to impair or affect any right of inheritance, by reason of his or her renouncing, or having been excluded from the communion of, any religion, or being deprived of caste, shall cease to be enforced as law.

ဥပဒေစာသားကို တင်ပြသည့် မြင်ကွင်းပုံ (ဒဒ-၂)

အချိန်၊ ၁၀း၃၉။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း

အချိန်၊ ၁၀း၄၀။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၄၀။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုတဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၆-၃-၂၀၁၈(အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၀း၄၂။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက် (တနလင်္ဂနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၀း၄၂ နာရီအချိန်တွင်ရပ်နားပါသည်။]